YOMA FMI
YOMA GROUP
YOMA PEOPLE 2020

# Yoma Bulletin

Group-wide weekly highlights

Issue 4 | 29 May 2020

HEADLINES

## Return to Office 8th June

All employees are requested to return to the Yoma Offices from 8th June onwards (excluding any vulnerable staff). As we move towards a long-term initiative of a more flexible workplace and to reduce numbers in the office, it is recommended that those staff who can effectively work from home continue to do so at least one day a week.


Yoma offices will continue to have health measures in place. Please adhere to the following social-distancing and health safety guidelines.

- Wear a mask when you cannot observe 6 feet distance with your colleague
- Continue with hygiene practices (hand washing, hand sanitiser)
- Staggered lunch schedule - Avoid large gatherings during lunch hours
- Reduce number of people in all meeting rooms and common spaces
- Avoid crowding lifts
- Follow ferry rules & guidelines

Lunch Hour Arrangement (Campus) · Meeting Room Capacity · Lift Capacity · New Ferry Rules · While Eating... · If you are sick · Washing hands

If you have been staying outside of Yangon, you must complete a [Return to Work Survey] so that HR can assess any potential risk. Email AskHR.com for more information.

Act responsibly, protect yourself and your colleagues.





FLEXIBLE WORKPLACE

## From WFH Mandate to a Flexible Workplace Era

We encourage staff that can work from home to continue to do so for at least 1 day per week as we transition back to the office. We believe this will further provide a flexibility for you and benefit the following:

1. Reduce employees in the office for health & safety
2. Keep our workforce nimble
3. Give the added benefit of work-life balance
4. Encourage the use of technology to facilitate the way we work
5. Incorporate the new skills that we have adopted over the past 2 months
6. Encourage a more flexible workforce



YOMA
PEOPLE 2020

PEOPLE 2020


# We Love to Hear Your Thoughts...

Some of us have started working in the office after almost two months of working from home. What did we like about working from home and what do we appreciate most about being back in the office? Let's hear it from some of our colleagues.










PEOPLE 2020

# Diversity Council


The Diversity Council oversees our diversity issues and provides a mandate Group wide. This year, they will be taking a micro-lens on 'Gender' and 'Nationality'. Join our Workplace page and help lead the change.




PEOPLE 2020

# A Safer Way to Pay – Use Wave Money for your Coffee & Lunch

Did you know the Campus Canteen and Cafe is now taking cashless payments through Wave Money? Sign up for your Wave Money account to start buying your lunch with Wave.



YOMA CONNECT

# Say Bye to HR Forms- New Features Coming Soon!

Yoma Connect will soon be introducing the HRIS (HR Information System) platform, managing transactions such as:

- Probation Assessment
- Employee Transfer
- Promotion
- Salary Adjustment

Group HR will provide training to Managers in the coming weeks.

IN THE SPOTLIGHT

# Support a Good Cause with Wave Money

Wave Money is providing support to the fundraising efforts of the National-Level Central Committee on Prevention, Control and Treatment of Coronavirus Disease 2019 (COVID-19) in Myanmar through WavePay.

Individuals, businesses and organisations can now donate directly to the Committee using WavePay. Contributions will go to COVID-19 action including monitoring and care of quarantined patients, testing, educational awareness, disseminating real time news, and supervising the importation of required medical equipment to cure the infected patients.

Join the cause and support with Wave.






IN THE SPOTLIGHT

# Get your Message out on Yangon Street - Special Ad Offers from FMIDecaux

Plan your June to August Street Furniture Advertising with FMIDecaux. The team has come up with special promotions to help our Yoma brands continue to get their messages and products out to the public during this challenging period.

Check out our special offers, promote your brands with FMIDecaux.

Contact Sales Manager:
Ma Ei Pyae Hpu at eipyae.ei@jcdecaux.com
or (+)95 9 765 430 613

IN THE SPOTLIGHT

# Melvyn's Teatime with Yoma F&B




We had our first virtual Teatime with Melvyn this Thursday with all our F&B colleagues. More than 100 people participated in this online conversation and we had 40 questions received.

Melvyn's talked about not only his view on the F&B sector but also shared with us some tips on success and good habits.

Watch a replay here.

For entities that have yet to organise a Teatime with Melvyn, please feel reach out to us and we will arrange.

IN THE SPOTLIGHT

# Celebrating the 15th Anniversary at Pun Hlaing Siloam Hospital




For 15 years, Pun Hlaing Siloam Hospital has strived to be the centre of medical excellence in Myanmar, with a vision to provide affordable and accessible healthcare to the people of Myanmar across all socio-economic segments.

From just one hospital in Yangon, to 2 clinics and 3 hospitals across the country, we have built a reputation of quality healthcare programmes and services, employing healthcare professionals and medical staff from across the globe to deliver the best to our patients.

We thank all our staff for your dedication throughout the years, as we continue to make a difference in the healthcare industry, and in the lives of the people who walk through our doors. Here's to many more years of excellence, as we work together to build a better Myanmar for all.

---

SUSTAINABILITY/ CSR

# Support World Environment Day & Win a Prize

**What is Biodiversity?** Biodiversity describes the variety of life on Earth. It encompasses the 8 million species on the planet – from plants and animals to fungi and bacteria; the ecosystems that house them; and the genetic diversity among them.

**Why should we care?** Biodiversity is the foundation that supports all life on land and below water. The emergence of Covid-19 has underscored the fact that, when we destroy biodiversity, we destroy the system that supports human life. By upsetting the delicate balance of nature, we have created ideal conditions for pathogens – including coronavirus – to spread.

We are intimately interconnected with nature. If we don't take care of nature, we can't take care of ourselves. Post a picture of your plant here and win a prize to support the cause.




https://www.worldenvironmentday.global/about/biodiversity

IN CASE YOU MISSED OUT

# Uncle Serge Talk

"Where you are today and where you are tomorrow - those are not determined by external factors but determined by your own mind, you own way of thinking, your mindset and your attitude towards life." - Serge Pun

Chairman Serge Pun shared his views on the current Covid situation as well as thoughts on how we could overcome challenges together.

If you missed Uncle Serge Talk Facebook Live on 22 May, don't worry, watch a recap of his speech here (English/Myanmar subtitles)



---

JOIN IN THE FUN

# New quiz is up, Can you solve this?

Send your results to our Yoma Social Warrior maungmaungtin@yoma-agri.com from Game Club. We will announce the results in our next issue.

A Boy and a doctor are fishing.
The boy is the doctor's son,
However the doctor is not
the boy's father.

**Who is the Doctor?**

JOIN IN THE FUN

# The last Quiz's Answers

Good job to Ko Zaw Zaw from Head Office and Dr. Thiri Aung from PHSH - you managed to see things in a different perspective and are the closest to solving our quiz!

16, 06, 88, L8, 98.

What is the '?' ?

YOMA STRATEGIC HOLDINGS LTD. FMI PART OF THE YOMA GROUP

YOMA GROUP

YOMA PEOPLE 2020

Ask HR

askhr@yoma.com.mm

# Yoma Bulletin

Group-wide weekly highlights

Issue 4 | 29 May 2020

HEADLINES

## ဇွန်လ ၈ ရက်နေ့တွင် ဝန်ထမ်းများအားလုံး ရုံးပြန်တက်ရန်

ရိုးမလုပ်ငန်းစုမှ ဝန်ထမ်းများအားလုံး (ကျန်းမာရေးအရ အားနည်းသူများမှလွဲ၍) ဇွန်လ (၈) ရက်နေ့မှစပြီး ရုံးပြန်တက်ကြရမည် ဖြစ်ပါသည်။ ရေရှည်တွင် ပို၍ လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းခွင့်ဖြစ်လာရေးနှင့် ဝန်ထမ်းဦးရေ လျှော့ချနိုင်ရန်အတွက် နေအိမ်တွင် ထိရောက်စွာ ရုံးအလုပ်လုပ်ကိုင်နိုင်သည့် ဝန်ထမ်းများသည် အနည်းဆုံး တစ်ပတ်တစ်ရက် နေအိမ်မှာနေ၍ အလုပ်လုပ်ကြရန် တိုက်တွန်းလိုပါသည်။


ရိုးမလုပ်ငန်းစုရှိ ရုံးများတွင်လည်း ကျန်းမာရေးစီမံချက်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အချင်းချင်းခပ်ခွာခွာနေရေးအတွက် အောက်ဖော်ပြပါ စည်းကမ်းချက်များကို ဝန်ထမ်းတိုင်း လိုက်နာကြရပါမည်။

- ဝန်ထမ်းအချင်းချင်း ၆ ပေ အကွာခြား၍ မနေဖြစ်သည့် အချိန်မျိုးတွင် နှာခေါင်းစည်း တပ်ဆင်ရန်။
- တစ်ကိုယ်ရည်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရန်။ (လက်ဆေးခြင်း၊ လက်သန့်ဆေးရည် အသုံးပြုခြင်း)
- သတ်မှတ်ထားသည့် အချိန်အတိုင်း နေ့လည်စာစားရန်။ နေ့လည်စာစားချိန်အတွင်း လူစုဝေးခြင်းများကို ရှောင်ကြဉ်ရန်။
- အစည်းအဝေးခန်းများနှင့် အများသုံးနေရာများတွင် လူဦးရေလျှော့ချရန်။
- လူပြည့်နေသည့် ဓာတ်လှေကားများကို ရှောင်ရန်။
- ဖယ်ရီကားစီးချိန် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန်။

Lunch Hour Arrangement (Campus) · Meeting Room Capacity · Lift Capacity
New Ferry Rules · While Eating... · If you are sick · Washing hands

အကယ်၍ သင်သည် ရန်ကုန်မြို့ ပြင်ပမှာနေထိုင်ခဲ့သူဖြစ်ပါက Return to work survey ကို ဖြည့်ပေးရမှာဖြစ်ပါသည်။ သို့မှသာ HR ဌာနမှ အန္တရာယ်ရှိနိုင်ခြေများကို စီစစ်အကဲဖြတ်နိုင်မည် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက AskHR.com သို့ အီးမေးလ်ပေးပို့နိုင်ပါတယ်။

မိမိကိုယ်ကိုနှင့် လုပ်ဖော်ကိုင်ဖက်များကို ကာကွယ်နိုင်ရန် တာဝန်သိတတ်စွာ ပြုမူနေထိုင်ပါ။





FLEXIBLE WORKPLACE

## အိမ်မှာနေ၍ရုံးအလုပ်လုပ်ခြင်းမှ ပိုမိုလိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင်တစ်ခုသို့

ဝန်ထမ်းများအားလုံး ရုံးပြန်တက်ရမည် ဖြစ်သော်လည်း နေအိမ်မှာနေ၍ ရုံးအလုပ်လုပ်နိုင်သည့် ဝန်ထမ်းများအနေဖြင့် အနည်းဆုံး တစ်ပတ်တစ်ရက် နေအိမ်မှာနေ၍ ရုံးအလုပ်ဆက်လုပ်ကြရန် တိုက်တွန်းလိုပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဝန်ထမ်းများအတွက် ပိုမို လိုက်လျောညီထွေမှု ရှိလာမည့်အပြင် အောက်ပါ အကျိုးကျေးဇူးများကိုလည်း ရရှိစေမည် ဖြစ်ပါသည်။

၁။ ကျန်းမာရေးနဲ့ဘေးကင်းရေးအတွက် ရုံးအတွင်းဝန်ထမ်းအင်အား လျှော့ချနိုင်ခြင်း။
၂။ မိမိတို့၏ လုပ်သားအင်အားကို သွက်လက်ထက်မြက်နေစေခြင်း။
၃။ အလုပ်နှင့် ကိုယ်ပိုင်ဘဝအကြား ပိုမိုဟန်ချက်ညီစေသည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်း။
၄။ နည်းပညာ အသုံးပြု၍ အလုပ်လုပ်ခြင်းကို အားပေးတိုက်တွန်းခြင်း။
၅။ လွန်ခဲ့သော ၂ လ အတွင်း သင်ယူခဲ့သည့် အတတ်ပညာအသစ်များကို ပေါင်းစပ်အသုံးပြုခြင်း။
၆။ ပိုမိုလိုက်လျောညီထွေမှုရှိသည့် လုပ်သားအင်အားစု ဖြစ်လာစေခြင်း။




- လုပ်ငန်းစုရှိ ဝန်ထမ်းများသာ ဖတ်ရှုရန် -

PEOPLE 2020

# သင့်ထင်မြင်ချက်များကို သိရှိလိုပါသည်

နေအိမ်မှာ ၂ လကြာနေ၍ ရုံးအလုပ်လုပ်ပြီးနောက် အချို့ဝန်ထမ်းများ ရုံးပြန်တက်နေကြပြီဖြစ်ပါသည်။ နေအိမ်မှာနေ၍ အလုပ်လုပ်ချိန်တွင် အကြိုက်ဆုံးအရာနှင့် ရုံးပြန်တက်ရသည့်ခံစားချက်များကို လုပ်ဖော်ကိုင်ဖက်များထံမှ နားထောင်ကြည့်ရအောင်။

## မခိုင်တင်ဇာဌေး (Risk Mgmt: & Assurance, Financial Mgmt:)

WFH Like: ဖယ်ရီမစီးရလို့ WFH က ပိုပြီးလုံခြုံစိတ်ချရတယ်လို့ ခံစားမိပါတယ်။

WFH- Dislike: အိမ်မှာအလုပ်လုပ်ရတာ တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်တွေရှိလို့ သိပ်ပြီးမထိရောက်ဘူးလို့ခံစားရပါတယ်။

ရုံးမှာ အလုပ်ပြန်ဝင်ရလို့ အကြိုက်ဆုံးအချက်က ဝန်ထမ်းအားလုံးက ရုံးခန်းထဲမှာရော ကန်တင်းမှာရော အချင်းချင်းခပ်ခွာခွာနေဖို့ စည်းမျဉ်းလိုက်နာနေတာကို တွေ့ရလို့ လုံခြုံမှုရှိတယ်ဆိုတဲ့ ခံစားချက်ကို ဖြစ်စေပါတယ်။

## မစံရီနိုင် (YSH Finance)

WFH Like: အိမ်မှာနေပြီး ရုံးအလုပ်လုပ်ရတာ ကြိုက်တဲ့အချက်ကတော့ ဖယ်ရီကား အမှီစီးဖို့ မနက်အစောကြီး ထစရာမလိုတာဘဲ။

WFH- Dislike: လူအများနဲ့ Online ပေါ်မှာစကားပြောရတာ အခက်အခဲရှိပါတယ်။

Group Chat တွေမှာ ကိုယ်နဲ့မဆိုင်တဲ့ Notification တွေရတာ မကြိုက်ပါဘူး။ စီမံခန့်ခွဲမှုအဖွဲ့မှရေးဆွဲတဲ့ Covid-19 ဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေကို သဘောကျနှစ်ခြိုက်မိပါတယ်။

## မလွင်လွင်စိုး (Admin)

WFH- Like: မိသားစုနဲ့ အတူနေရချိန်များလို့ WFH ကိုကြိုက်ပါတယ်။

WFH- Dislike: WFH ကိုမကြိုက်တဲ့အချက်ကတော့ အလုပ်ချိန်အတိအကျမရှိလို့ပါ။

ရုံးမှာ အလုပ်ပြန်ဝင်ရတဲ့အတွက် အကြိုက်ဆုံးအချက်ကတော့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရလို့ပါ။ နောက်ပြီး လုပ်ငန်းခွင်အတွက် မရှိမဖြစ်လိုအပ်တဲ့ အသုံးအဆောင်တွေဖြစ်တဲ့ Printer နှင့် Wifi လည်းရတော့ အလုပ်လုပ်ရတာ သိပ်အဆင်ပြေပါတယ်။ ရုံးထဲကိုဝင်ပြီဆိုတာနဲ့ ကိုယ်ပူချိန်တိုင်းပေးတယ်။ လူတိုင်း နှာခေါင်းစည်းတပ်ထားကြတယ်ဆိုတော့ လုံခြုံစိတ်ချမှုရှိတယ်လို့ခံစားရပါတယ်။










PEOPLE 2020

# Diversity Council

Diversity Council သည် လုပ်ငန်းစု၏ မတူညီကွဲပြားမှုဆိုင်ရာ ပြဿနာရပ်များကို ကြီးကြပ်ကွပ်ကဲပေးပြီး လုပ်ပိုင်ခွင့်များကို ချမှတ်ပေးပါသည်။ ယခုနှစ်တွင် ကျား/မ တန်းတူညီမျှရေးကိစ္စနှင့် နိုင်ငံသားမျိုးစုံရှိခြင်းတို့အပေါ် အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။ ကောင်းမွန်သော ပြောင်းလဲမှုများ ဖြစ်လာအောင် ကူညီပေးရန် Workplace စာမျက်နှာ မှာပါဝင်နိုင်ပါသည်။







PEOPLE 2020

# ပိုမိုစိတ်ချရတဲ့ Wave Money ကို အသုံးပြုပြီး သင့်၏ကော်ဖီနှင့် နေ့လည်စာအတွက် ငွေပေးချေပါ

Campus ကန်တင်းနှင့် ကော်ဖီဆိုင်မှာ ငွေသားမဲ့ Wave Money ဖြင့် ငွေပေးချေနိုင်ပြီဆိုတာ သင်သိပါသလား။ သင့်နေ့လည်စာကို Wave ဖြင့် ငွေပေးချေနိုင်အောင် အခုဘဲ Wave Money အကောင့် ဖွင့်လိုက်ကြရအောင်ပါ။

YOMA CONNECT

# HR မှ လျှောက်လွှာများအစား စနစ်အသစ်တစ်ခု မကြာခင်ထွက်ရန်ရှိ

Yoma Connect မှ  HR သတင်းပြန်ကြားရေးစနစ် တစ်ခုဖြစ်သည့် (HR Information System – HRIS) ဖြင့် မိတ်ဆက်ပေးသွားမှာဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းများကို အဆိုပါ စနစ်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

- အစမ်းခန့်ကာလ လုပ်ကိုင်ရည် အကဲဖြတ်ခြင်း။
- ဝန်ထမ်းဌာနပြောင်းရွှေ့ခြင်း။
- ရာထူးတိုးပေးခြင်း။
- ဝန်ထမ်းလစာ ညှိနှိုင်းခြင်း။

လာမည့် အပတ်များတွင် Group HR မှ မန်နေဂျာများကို သင်တန်းပေးသွားမှာဖြစ်ပါသည်။

IN THE SPOTLIGHT

## Wave Money နှင့်အတူ ပါဝင်ကူညီရန်

COVID-19 ကူးစက်မှုကို ဆက်လက်ထိန်းချုပ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်ဖွဲ့စည်းထားသော COVID-19 ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့်ကုသရေးဆိုင်ရာ အမျိုးသားအဆင့် ဗဟိုကော်မတီသို့ WavePay App ၏ 'အလှူဒါန' ဝန်ဆောင်မှုအောက်ရှိ PCNC Covid Donation ကိုရွေးချယ်ပြီး တိုက်ရိုက်လှူဒါန်းနိုင်ရန် Wave Money မှပံ့ပိုးကူညီပေးလျက် ရှိပါသည်။ ဗဟိုကော်မတီမှရရှိလာသော အလှူငွေများကို Quarantine လူနာများနှင့် သံသယလူနာများကို စောင့်ကြည့်ရန်၊ COVID-19 နှင့် ပတ်သက်သည့် အသိပညာပေးအစီအစဉ်များ၊ သတင်းဖြန့်ဝေခြင်းများ နှင့် ဆေးပစ္စည်းကိရိယာ တင်သွင်းမှုများအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။

Wave နှင့် အတူ ပါဝင်ကူညီကြပါစို့။






IN THE SPOTLIGHT

## FMIDecauxတွင် အမှတ်တံဆိပ်များကို အထူးလျှော့ဈေးဖြင့် ကြော်ငြာလိုက်ပါ

ဇွန်လမှ ဩဂုတ်လအထိ FMIDecaux နှင့် ကြော်ငြာဖို့ စီစဉ်ထားနိုင်ပါပြီ။ ယခုလို ခက်ခဲသည့် အချိန်ကာလတွင် ရိုးမလုပ်ငန်းစုအောက်ရှိ အမှတ်တံဆိပ်များနှင့် ထုတ်ကုန်များကို ပြည်သူများ သိရှိစေရန် FMIDecaux မှ အထူးလျှော့ဈေးဖြင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါသည်။

အထူးကြော်ငြာခနူန်းထားများဖြင့် သင်တို့၏ ကုန်အမှတ်တံဆိပ်များကို FMIDecaux ဖြင့် မြှင့်တင်လိုက်ပါ။

ဆက်သွယ်ရန် -

မအိပြည့်ဖူး (အရောင်းမန်နေဂျာ) eipyae.ei@jcdecaux.com
(သို့) +၉ ၅ ၉  ၇၆၅ ၄၃၀ ၆၁၃

- လုပ်ငန်းစုရှိ ဝန်ထမ်းများသာ ဖတ်ရှုရန် -

IN THE SPOTLIGHT

# Yoma F&B မှ Melvyn နှင့် စကားစမြည်ပြောဆိုခြင်း




ယခုအပတ် ကြာသပတေးနေ့တွင် F&B ရှိ လုပ်ဖော်ကိုင်ဖက်များမှ Melvyn နှင့် စကားစမြည် အစီအစဉ်ကို အွန်လိုင်းမှ ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အွန်လိုင်း အစီအစဉ်တွင် ဝန်ထမ်းပေါင်း အယောက် ၁၀၀ ကျော် တက်ရောက်ခဲ့ပြီး မေးခွန်းပေါင်း ၄၀ ကျော် လက်ခံရရှိခဲ့ပါသည်။

Melvyn သည် F&B လုပ်ငန်းကဏ္ဍအပေါ် ထားရှိသည့် သူ၏ ထင်မြင်သုံးသပ်ချက်များကိုသာမက အောင်မြင်မှုများရရှိလာအောင်နှင့် အလေ့အကျင့်ကောင်းများအတွက် လိုက်နာကျင့်သုံးရမည့် အချက်များကို အကြံပေးခဲ့ပါသည်။ ဤနေရာတွင် ဗီဒီယိုကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။ ကြည့်ရှုရန်

Melvyn နှင့် စကားစမြည်အစီအစဉ်မပြုလုပ်ရသေးသည့် ဌာနများအနေနှင့်ကျွန်တော်တို့နဲ့ လာရောက်ဆက်သွယ်ပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

---

IN THE SPOTLIGHT

# ပန်းလှိုင်စီလုံဆေးရုံမှ ၁၅ နှစ်ပြည့် အထိမ်းအမှတ်ကျင်းပခြင်း




ပန်းလှိုင်စီလုံဆေးရုံသည် မြန်မာနိုင်ငံ၏ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်သူအဖြစ် ၁၅ နှစ်ကြာ ရပ်တည်ခဲ့ပါသည်။ မြန်မာပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အများပြည်သူ လက်လှမ်းမီနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုတစ်ရပ်ကို ဖော်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။

ရန်ကုန်ရှိ ဆေးရုံမှ နိုင်ငံအဝှမ်းတွင် ဆေးခန်း ၃ ခုနှင့် ဆေးရုံ ၃ ခုအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များနှင့် နိုင်ငံတကာမှ ကျန်းမာရေးဆိုင်ရာတတ်ကျွမ်းသူများဖြင့် လူနာများအား အကောင်းဆုံး ဝန်ဆောင်မှုများပေးသည် ဟူသည့်ဂုဏ်သတင်းကို တည်ဆောက်ခဲ့သည်။

ထိုနှစ်များအတွင်း ကြိုးစားအားထုတ်ခဲ့ကြသည့်ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အများနှင့်မတူထူးခြားသည့်ဝန်ဆောင်မှုများပေးရင်း မိမိတို့၏ လူနာများအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သည့် မြန်မာနိုင်ငံတော်တည်ဆောက်ရင်း နောက်နှစ်ပေါင်းများစွာကို အောင်မြင်စွာ ဆက်လက်ရပ်တည်သွားမှာ ဖြစ်ပါသည်။

---

ရေရှည်တည်တံ့ရေးနှင့် လူမှုရေးတာဝန်သိတတ်မှု

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုရင်း ဆုရယူရအောင်

## Biodiversity လို့ခေါ်သည့် ဇီဝမျိုးစုမျိုးကွဲဆိုတာဘာလဲ။

Biodiversity ဟုခေါ်သည့် ဇီဝမျိုးစုံမျိုးကွဲတွင် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများအားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်မှာရှိ သက်ရှိသတ္တဝါများအပြင် အပင်များ၊ မှိုများ၊ ဘက်တီးရီးယားများနှင့် ၎င်းတို့နေထိုင်ရာ ဂေဟာစနစ်များ၊ မျိုးရိုးဗီဇ မတူညီကွဲပြားမှုများ အစရှိသည့် မျိုးစိတ်ပေါင်း ၈ သန်း ပါဝင်ပါသည်။

## ဘာကြောင့် ထိုဇီဝမျိုးစုမျိုးကွဲတွေကို ဂရုစိုက်သင့်ပါသလဲ။

ဇီဝမျိုးစုံမျိုးကွဲသည် ကုန်းမြေပေါ်နှင့် ရေအောက်ရှိ သက်ရှိများအားလုံးကို ကူညီထောက်ပံ့ပေးနေသည့် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ကျွန်တော်တို့မှ Biodiversity ဟုခေါ်သည့် ဇီဝမျိုးစုံမျိုးကွဲကို ဖျက်ဆီးနေခြင်းသည် လူသားများကို ထောက်ပံ့ပေးနေသည့် စနစ်ကြီးအား ဖျက်ဆီးနေခြင်းဖြစ်သည်ကို COVID-19 အခြေအနေမှ မီးမောင်းထိုးပြခဲ့ပါသည်။ အလွန်သိမ်မွေ့သည့် သဘာဝတရား၏ ဟန်ချက်ညီ တည်ရှိမှုကို ကမောက်ကမဖြစ်စေခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ်အပါအဝင် အခြားရောဂါပိုးမွှားများကို ပြန့်ပွားစေခဲ့ခြင်းဖြစ်ပါသည်။




လူသားများသည် သဘာဝတရားနှင့် အပြန်အလှန်ဆက်နွယ်နေကြပါသည်။ သဘာဝတရားကို အလေးမထား၊ ဂရုမစိုက်ခြင်းသည် မိမိကိုယ်ကို ဂရုမစိုက်၊ အလေးမထားခြင်းပင်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထောက်ခံသည့်အနေဖြင့် မိမိစိုက်ပျိုးထားသည့် သစ်ပင်၏ဓာတ်ပုံကို ဤလင့်တွင်တင်ပြီး ဆုရယူလိုက်ကြရအောင်ပါ။

https://www.worldenvironmentday.global/about/biodiversity

IN CASE YOU MISSED OUT

## Uncle Serge Talk



"ကိုယ်ဒီနေ့ ဘယ်လောက်အောင်မြင်နေလဲ။ အနာဂတ်မှာရော ဘယ်လောက်အောင်မြင်မှာလဲဆိုတဲ့ ရလဒ်တွေအတွက် ပြင်ပက အကြောင်းအရာတွေက အဆုံးအဖြတ်မပေးနိုင်ပါဘူး။ ဘဝအပေါ်မှာထားရှိတဲ့ ကိုယ့်ရဲ့စိတ်နေသဘောထား၊ အတွေးအခေါ်၊ ခံယူချက်တွေအပေါ်မှာဘဲ မူတည်ပါတယ်။"
*Serge Pun*

ဦးဆာ့ဂ္ဗ Serge Pun မှ လက်ရှိ Covid အခြေအနေအပေါ်ထားရှိသည့် သူ၏ထင်မြင်ချက်များနှင့် စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်ရန် လုပ်ဆောင်ရမည့် အချက်များကို မျှဝေပြောကြားခဲ့ပါသည်။

မေလ ၂၂ ရက်နေ့မှာ ပြုလုပ်ခဲ့သည့် Uncle Serge Talk အစီအစဉ်ကို မကြည့်လိုက်ရသူများ အင်္ဂလိပ်၊ မြန်မာစာတန်းထိုး ဗီဒီယိုကို အောက်ပါလင့်တွင် ပြန်လည်ကြည့်ရှုနိုင်ပါသည်။ ကြည့်ရှုရန်

---

အပျော်ဆော့ရအောင်

## ဉာဏ်စမ်းပဟေဠိအသစ်အတွက်လည်း စဉ်းစားလိုက်ကြရအောင်

ကိုယ့်အဖြေကို Game Club ရဲ့ Yoma Social Warrior ဖြစ်တဲ့ maungmaungtin@yoma-agri.com သို့ ပေးပို့နိုင်ပါတယ်။ အဖြေမှန်ကို နောက်အပတ်မှာ ကြေညာပေးသွားမှာ ဖြစ်ပါတယ်။

A Boy and a doctor are fishing.
The boy is the doctor's son,
However the doctor is not
the boy's father.

**Who is the Doctor?**

အပျော်ဆော့ရအောင်

## ပြီးခဲ့သည့်အပတ်၏ ဉာဏ်စမ်းပဟေဠိအဖြေ

မတူညီတဲ့ ရှုထောင့်မှကြည့်ပြီး ဉာဏ်စမ်းပဟေဠိအတွက် အနီးစပ်ဆုံးအဖြေရရှိတဲ့ ရုံးချုပ်မှ ကိုဇော်ဇော်နှင့် ပန်းလှိုင်စီလုံဆေးရုံမှ ဒေါက်တာသီရိအောင် တို့ကို ဂုဏ်ပြုလိုက်ပါတယ်။

16, 06, 88, L8, 98.

What is the '?' ?

YOMA STRATEGIC HOLDINGS LTD. FMI PART OF THE YOMA GROUP
YOMA GROUP

YOMA PEOPLE 2020

Ask HR

askhr@yoma.com.mm